
SEIKKU CHO CHO
PUBLISHING HOUSE

mgyoe.com



လှသမိန်

# မြန်မာရာဇဝင် အကျဉ်း

တကောင်းခေတ်မှ
တော်လှန်ရေးအစိုးရခေတ်အထိ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

**Various Kinds of BOOKS**
**Different FORM of ARTS.**
အမျိုးမျိုးသောစာအုပ်အစုံစုံတို့ ၏ အသွင်ကွဲပြားသောအနုပညာ

HTM0002
1,200.00 KS

၁၉၉၉ ခုနှစ်တွင် စတင်ကာ
၂၀၀၉ ခုနှစ်တွင်ကျရောက်သော
၁၀ နှစ်ပြည့် စိတ်ကူးချိုချိုစာအုပ်တိုက်၏
အမှတ်တရဖြစ်ဖွယ် အကြိုစာအုပ်များ
၄၄

mgyoe.com

mgyoe.com

သမိုင်း

၉၅၉.၁

လှသမိန်
မြန်မာရာဇဝင်အကျဉ်း / လှသမိန် ။ -ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ (ဒုတိယအကြိမ်)၊ ၂၀၀၉။
တမျက်နှာ ၁၂၆ မျက်နှာ၊ ၁၁.၂ စင်တီ× ၁၈ ၃ စင်တီ
(၁) မြန်မာရာဇဝင်အကျဉ်း

မြန်မာရာဇဝင်အကျဉ်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၄၈၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၄၆၀၇၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ တာမွေ၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၁၂၀၀ ကျပ် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အမှာ | |
| ၂။ | မြန်မာနိုင်ငံ ရာဇဝင်အကျဉ်း | ၁ |
| ၃။ | ပထမ တကောင်းခေတ် | ၃ |
| ၄။ | ဒုတိယ တကောင်းခေတ် | ၆ |
| ၅။ | သရေခေတ္တရာခေတ် | ၁၀ |
| ၆။ | ပထမ ပုဂံခေတ် | ၁၃ |
| ၇။ | ပင်းယခေတ် | ၃၀ |
| ၈။ | အင်းဝခေတ် | ၃၆ |
| ၉။ | တောင်ငူခေတ် | ၄၈ |
| ၁၀။ | ညောင်ရမ်းခေတ် | ၅၁ |
| ၁၁။ | ကုန်းဘောင်ခေတ် | ၅၇ |
| ၁၂။ | ဗြိတိသျှခေတ် | ၇၅ |
| ၁၃။ | ဂျပန်ခေတ် | ၉၁ |
| ၁၄။ | ဖက်ဆစ်တော်လှန်ရေးခေတ် | ၉၆ |
| ၁၅။ | စစ်ပြီးခေတ် | ၁၀၁ |
| ၁၆။ | လွတ်လပ်ရေးခေတ် | ၁၀၇ |
| ၁၇။ | တော်လှန်ရေးအစိုးရခေတ် | ၁၁၁ |
| ၁၈။ | မြန်မာရာဇဝင်အချုပ် | ၁၁၄ |
| ၁၉။ | ခေတ်ဆက်နှင့် မြို့တော်မှတ်စု | ၁၂၂ |


mgyoe.com

mgyoe.com

## အမှာ

မြန်မာနိုင်ငံတွင် ရာဇဝင်ကျမ်းပေါင်း မြောက်မြားစွာ ရှိပေသည်။ ရှုထောင့်အဖက်ဖက်မှ ရေးကြသော ရာဇဝင်ရေးဟန်နှင့် အမြင်အယူအဆလည်း အမျိုးမျိုးပင် ရှိလေသည်။ ရာဇဝင်တစ်ကွက်ချင်းကို အကျယ်ရေးသည်လည်း ရှိပေသည်။ မင်းဆက်ရာဇဝင်ချည်းလည်းရှိ၍ မင်းကို ပဓာနမပြုဘဲ ပြည်သူ့အခြေအနေ အရပ်ရပ်ကို ရှင်းလင်းဖွင့်ဖော်၍ သုံးသပ်ဝေဖန်နိုင်သော သမိုင်းသစ်များလည်း ရှိပေသည်။ စာရေးသူ၏ ရည်ရွယ်ချက်နှင့် ဆန္ဒမှာကား တကောင်းခေတ်မှသည် တော်လှန်ရေး ခေတ်ပြောင်းကာလအထိ ဖြစ်ပျက်ခဲ့သော ရာဇဝင်ကြောင်းကို တစ်လျှောက်တည်း တဆက်တည်းနှင့် အကျဉ်းဆုံး မှတ်သားသိမြင်လွယ်စေမည့် ရာဇဝင်အကျဉ်းကို ရေးရန်သာဖြစ်ပေသည်။ ကြီးမားသော ရုပ်ပုံကားချပ်ကြီးကို ရှုခင်းတစ်ကွက်လုံး တစ်ပြိုင်တည်းမြင်ရအောင် အငယ်အကျဉ်း ချုံ့ပေးသည့်သဘောပင် ဖြစ်ပေသည်။ ထိုကားချပ်တွင် အရေးပါသောအချက်များ မနစ်မငုပ်ရအောင်လည်း သတိပြုရပေသည်။

နိုင်ငံအတွက် တာဝန်ထမ်းဆောင်နေကြသူများနှင့် နောင်တစ်နေ့တွင် တာဝန်ထမ်းဆောင်ကြမည့်သူများသည် ပညာရပ်

mgyoe.com

mgyoe.com

အနေဖြင့် မည်သည့်ဘာသာရပ်ကို လေ့လာသင်ကြားသည်ဖြစ်စေ မြန်မာ့ရာဇဝင်ကို အနည်းဆုံး ခြုံ၍ ငုံ၍ မြင်ထားရပေမည်။ သိလိုလျှင် နာရီပိုင်းအတွင်း အချုပ်အားဖြင့် တဆက်တည်း ခြုံလွှမ်း၍ လေ့လာဖတ်ရှုစရာ ရာဇဝင်အကျဉ်းတစ်စောင်ကား ရှိရပေမည်။ အသေးစိတ်နှင့် အကျယ်ကို လေ့လာချိန်မရစေကာမူ မြန်မာတိုင်း သိထားရမည့် သင်ရိုးအခြေခံသဖွယ်ဖြစ်သည့် ရာဇဝင်မျိုးကား ရှိရပေမည်။ ထို့ကြောင့် ဤလိုအပ်ချက်ကို ဖြည့်တင်းထားပေသည်။

နိုင်ငံသမိုင်းအနေနှင့် ပြည်သူကို အခြေပြု၍ ပြည်သူ၏ လှုပ်ရှားမှုများ၊ ပြည်သူ၏သဘောထား၊ နိုင်ငံရေးခေတ်နှင့် ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်၍ ရာဇဝင် သို့မဟုတ် သမိုင်းပြုစုခြင်းသည် မှန်ကန်သော အယူအဆဖြစ်ကြောင်း နားလည်ပေသည်။ သို့ရာတွင် နှစ်ပေါင်းနှစ်ထောင်ကျော်အတွင်း ရာဇဝင်ကို စာမျက်နှာအနည်းငယ်ဖြင့် အခြေခံ မြင်သာအောင် ရေးရာ၌ ထိုနည်းကိုလိုက်ရန် မလွယ်ကူပေ။ ထိုမှတစ်ပါး ကျောက်စာနှင့် အလားတူ ရုပ်ဝတ္ထုအထောက်အထား ခိုင်မာရာကိုသာဖော်၍ သမိုင်းဆက်စပ် ရေးရလျှင်လည်း မြန်မာနိုင်ငံသမိုင်းသည် ကျဉ်းမြောင်းပြတ်တောက်နေပေမည်။ ကျောက်စာကို မည်မျှထောက်ပြနိုင်စေကာမူ တွေးခေါ်ကြံဆချက်များဆက်ဖြည့်ရသည်သာဖြစ်၍ ထိုဖြည့်စွက်ချက်မျိုးမှာ ပုဂ္ဂိုလ်အမြင်၊ အစွဲအလိုက် ဖြစ်ချင်ရာဖြစ်နိုင်သဖြင့် ပကတိသမိုင်းကို မှန်ကန်အောင် ဖော်ထုတ်နိုင်မည်ဟု မယူဆသာပေ။ ထို့ကြောင့် ရေးရိုးရေးစဉ် ရာဇဝင်အတိုင်းသာ ဖော်ပြ၍ ဒဏ္ဍာရီဆန်သောအချက်များ၊ ချဲ့ထွင်ချက်များနှင့် သဘာဝနှင့်ဆန့်ကျင်သော အချက်များကိုသာ ပစ်ပယ်ထားပေသည်။ အစဉ်အလာ ရာဇဝင်တို့တွင် ရာဇဝင်ဆရာ၏ ဖြည့်ကွက်၊ ကြံဆကွက်၊ လုပ်ကြံကွက်တို့

mgyoe.com

mgyoe.com

ရှိနိုင်သော်လည်း တစ်ဖက်တွင် ကျောက်စာ အခိုင်အမာမဟုတ်ဘဲ ဆက်စပ်ယူဆချက်မျိုးနှင့် လဲလှယ်ခြင်း၊ နိုင်ငံခြား ရာဇဝင်မှတ်တမ်းတွင် ဖော်ပြချက်သည်သာ မှန်ကန်ရမည်ဟု လေ့နံ့စားထစ် ယူဆခြင်း၊ ကျောက်စာတွင် မပါရှိလေသမျှ၊ သို့မဟုတ် မိမိကောက်ချက်နှင့် ဆန့်ကျင်သမျှကို ပယ်ချခြင်း စသည်တို့ကိုလည်း အားမပေးလိုပေ။ ထို့ကြောင့် အစဉ်အလာ ရာဇဝင်သမိုင်းတို့ကို ကျောက်စာရုပ်ဝတ္ထု သက်သေအထောက်အထားတို့ဖြင့် စိတ်ကူးယဉ်ချက်၊ ဆွဲ၍ကောက်ယူချက် စသည်မပါဘဲ အရှိကို အရှိအတိုင်း သုံးသပ်စိစစ်၍ အပြည့်အဝ မှန်သောအပိုင်း၊ မှုကွဲပြားသောအပိုင်း၊ ထောက်ခံချက် မတွေ့ရသောအပိုင်း၊ လုံးဝ သဘာဝမကျသောအပိုင်းဟူ၍ စနစ်တကျ စစ်ဆေးစိစစ်ခြင်း မပြုနိုင်သေးမီကာလတွင် အရိုးအစဉ်သမိုင်းကို အခြေတည်၍ သုံးသပ်လေ့လာရမည် ဖြစ်ပေသည်။ ထို့ကြောင့် အစဉ်အလာ ရာဇဝင်များမှ မှတ်တမ်းတင်ထားခဲ့သည့်အတိုင်း တကောင်းခေတ်မှ အစချီ၍ လေ့လာရှုမြင်ကြစေရန် တင်ပြထားပေသည်။ ရာဇဝင်အကျဉ်းဖြစ်၍ အကြောင်းအချက်အားလုံး အသေးစိတ်မဖော်ပြဘဲ ခြုံ၍ရေးသားခြင်းဖြစ်သည်ကိုကား သတိပြုစေလိုပေသည်။

ဤရာဇဝင်အကျဉ်းတွင် ရာဇဝင်ကို တဆက်တည်း ရေးသားသဖြင့် မြန်မာသက္ကရာဇ်ကိုသာ သုံးစွဲထားသော်လည်း သိသင့်ရာ ခရစ်နှစ်ကို ပူးတွဲဖော်ပြထားပေသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိ မြန်မာသက္ကရာဇ်ထက်ကြီးသော ခရစ်နှစ်ကို သိလိုပါက ၆၃၈ နှစ် ပေါင်းထည့်တွက်ချက်ခြင်းအားဖြင့် ခရစ်နှစ်ကို သိရှိနိုင်သည့်အတွက် အခက်အခဲရှိမည်မဟုတ်ဟု မျှော်လင့်ရပေသည်။

(လှသမိန်)

mgyoe.com

mgyoe.com

## မြန်မာနိုင်ငံ ရာဇဝင်အကျဉ်း

"မြန်မာအစ တကောင်းက" ဟူ၍ ဆိုရိုးရှိခဲ့သည့်အတိုင်း မြန်မာရာဇဝင်ကို တကောင်းခေတ်မှ စတင်၍ ဖော်ပြလေ့ရှိကြပေသည်။ မင်းအစဉ်အဆက် တိုင်းပြည်ထူထောင် အုပ်စိုးခဲ့ကြသည့် သမိုင်းကြောင်းကို လိုက်စစ်ရှာဖွေလျှင် တကောင်းခေတ်အထိ ပြန်လှန်ထောက်ဆနိုင်ပေသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် လူမျိုးများ စတင်အခြေစိုက် နေထိုင်ခဲ့ကြသည်မှာကား တကောင်းခေတ်မတိုင်မီ နှစ်ပေါင်းထောင်ပေါင်းများစွာကတည်းကဖြစ်ကြောင်းကို မြန်မာနိုင်ငံအရပ်ရပ်တွင် ကျောက်ခေတ်လူများ၏ ကျောက်လက်နက်များကို တူးဖော်တွေ့ရှိရခြင်းက ထင်ရှားဖော်ပြနေပေသည်။ ထိုလူသားများသည် ရေကြည်ရာ၊ မြက်နုရာတွင် အစဉ်တစိုက် ရွှေ့ပြောင်းနေထိုင်ခဲ့ကြပေမည်။ အစုအအုပ်ဖွဲ့၍ နေထိုင်ခဲ့ကြပေမည်။ နောက်ဆုံးတွင် နီဂရိတိုလူမျိုးများ၏ ခေတ်သို့တိုင်ခဲ့ပေသည်။

ထို့နောက်တွင်ကား မြန်မာနိုင်ငံမြောက်ပိုင်း အာရှတိုက်အလယ် မောင်းဂွတ်ပြည်ခေါ် မောင်ဂိုလီးယားဒေသမှ မွန်ခမာလူမျိုးများသည်လည်းကောင်း၊ တိဘက်မြန်မာလူမျိုးများသည်လည်းကောင်း၊ ထိုင်းရှမ်းလူမျိုးများသည်လည်းကောင်း အဆင့်

mgyoe.com

mgyoe.com


ဆင့် ဝင်ရောက်နေထိုင်ခဲ့ကြရာ ရှိရင်း နိဂရိတိုလူမျိုးတို့သည် တောင်ပိုင်းနှင့်တောင်ဘက် ပင်လယ်ကျွန်းဆွယ်များသို့ တရွေ့ ရွေ့ ရွေ့ပြောင်းသွားခဲ့ကြပေသည်။ ဝင်ရောက်လာသော လူမျိုးများသည် ဒေသအသီးသီးတွင် အခြေစိုက် နေထိုင်ခဲ့ကြရာမှာ လူမျိုးစုများအဖြစ် သီးခြားရပ်တည်လာခဲ့ကြ၍ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းတို့လည်း ကွဲပြားလာခဲ့လေသည်။ မွန်အမျိုးသားများသည် မွန်ခမာ အဆက်အနွယ်များဖြစ်၍ ချင်း၊ ကချင်၊ ကဒူး၊ ပျူ၊ ကမ်းယံ၊ သက်လူမျိုးတို့သည် တိဘက်မြန်မာတို့၏ အဆက်အနွယ်များဖြစ်ပြီး ရှမ်း၊ ကရင်၊ တောင်သူ၊ ပဒေါင် စသော လူမျိုးတို့သည် ထိုင်းလူမျိုး အဆက်အနွယ်များ ဖြစ်သည်ဟု မှတ်ယူကြရလေသည်။ ထိုလူမျိုးများသည် အစဉ်အတိုင်း အုပ်စုအလိုက် မြို့ရွာတည်စိုက်နေထိုင်ခဲ့ကြလေသည်။ မြန်မာဟူသောအမည်မှာ ပျူလူမျိုးတို့ တိမ်ကောချိန်လောက်တွင် ပေါ်ထွန်းလာသဖြင့် ပျူမှ မြန်မာမျိုးနွယ်သို့ ပွားဆက်လာသည်ဟု ယူဆသူများလည်း ရှိလေသည်။

ထိုသို့ မြန်မာနိုင်ငံတွင် မွန်ဂိုလီးယားဒေသမှ မျိုးနွယ်များ ဝင်ရောက်နေထိုင်လျက် ရှိကြသော ကာလတွင် တကောင်းဒေသ ဧရာဝတီမြစ်ညာ၌ ရှေးဦးစွာ မြို့ပြတည်ထောင်စည်းရုံးလျက် မင်းအဖြစ် ထီးနန်းစိုက်တည်ခဲ့ကြရာမှ မင်းအစဉ်အဆက်နှစ်ကာလစဉ်တိုက် ဆက်လက်အုပ်ချုပ်လာခဲ့ကြသည်ကို တွေ့ရှိရလေသည်။ တကောင်းတွင် မြို့ပြတည်ထောင်၍ မင်းအဖြစ် စတင်စိုးစံခဲ့ကြသည့် အကြောင်းရင်းနှင့် ပတ်သက်၍ကား ဤသို့မှတ်သားကြရပေသည်။

□

mgyoe.com

mgyoe.com

## ပထမတကောင်းခေတ်

မြတ်စွာဘုရားပွင့်တော်မမူမီ လွန်ခဲ့သောနှစ်ပေါင်း ၂၈၀၀ ကျော် ကာလလောက်တွင် အိန္ဒိယနိုင်ငံ ကပိလဝတ်ပြည် သာကီဝင်မင်းမျိုးတို့နှင့် ပဉ္စလရာဇ်မင်းမျိုးတို့သည် မျိုးချင်းဆက်နွယ်ရန်ကိစ္စတွင် သာကီဝင်ဖြစ်သော ကောလိယမင်းက မျိုးရိုးဇာတိမာန်ဖြင့် မချေမင် ပြောဆိုရာမှ စစ်ဖြစ်ကြရာ ပဉ္စလရာဇ်မင်း စစ်နိုင်၍ သာကီဝင်တို့ သုံးစုကွဲပြားလေသည်။ ထိုအခါ ကပိလဝတ်ပြည်မှ သာကီဝင်မင်းတစ်ပါးဖြစ်သော အဘိရာဇာသည် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ကုန်းလမ်းခရီးဖြင့် စစ်သည်ဗိုလ်ခြေတို့ကိုပါ ခေါ်ဆောင်လာရောက်ကာ တကောင်းမြို့တည်ရာ၌ မြို့ပြတည်ထောင်လျက် ရှိရင်းစွဲ မြန်မာနိုင်ငံသားတို့ကို အုပ်ချုပ်စည်းရုံးနေထိုင်လေသည်။

အဘိရာဇာ နတ်ရွာစံလျှင် သားတော်ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့သည် ထီးနန်းကိုလုကြရာ မှူးမတ်တို့၏ အကြံပေးချက်အရ ညဥ့်ချင်းပြီးအောင် ကောင်းမှုအဆောက်အဦ ပြုကြသည်တွင် ကံရာဇာငယ်သည် သစ်ငယ်၊ ဝါးငယ်တို့ဖြင့် ဆောက်တည်သောကြောင့် ညဥ့်ချင်းပြီးသဖြင့် ထီးနန်းကို ဆက်ခံရလေသည်။

ကံရာဇာကြီးမူကား ချင်းတွင်းမြစ်ကိုဆန်၍ ကလေးတောင်ညိုအရပ်၌ မြို့တည်ကာ ခြောက်လခန့် စစ်သည်ဗိုလ်ပါ စု

mgyoe.com

mgyoe.com


ဆောင်းလေသည်။ ထိုအချိန်၌ ပျူလူမျိုးတို့မှာ ဟံလင်း၊ သရေခေတ္တရာ စသောဒေသများ၌ စုပေါင်းနေထိုင်လျက်ရှိရာ ပျူတို့က မင်းပြုအုပ်ချုပ်ပါရန် တောင်းပန်ချက်အရ သားတော် မုဒုစိတ္တကို စေလွှတ်အုပ်ချုပ်စေလေသည်။

ကံရာဇာကြီးသည် ရခိုင်ပြည်နယ်မြောက်ပိုင်း ကုလားတန်မြစ်၊ ကစ္ဆပနဒီ အရှေ့ဘက်ရှိ ကျောက်ပန်တောင် (ကျောက်ပန်းတောင်း) မြို့ကို တည်ထောင်ပြီးလျှင် ရှေးက မာရာယုမင်း တည်ထောင်ခဲ့သော ဓညဝတီမြို့ဟောင်းကိုပါ သိမ်းယူ၍ ရခိုင်ပြည်တွင် မင်းဆက်စိုက်တည် အုပ်ချုပ်နေလေသည်။

ကံရာဇာငယ်သည် တကောင်းတွင် ဆက်လက်အုပ်ချုပ်စိုးစံ၍ သားမြေးစဉ်ဆက် အုပ်ချုပ်ခဲ့လေရာ မင်း ၃၃ ဆက် တိုင်လေသည်။ ထိုမင်းတို့ကား

၁။ အဘိရာဇာ၊
၂။ သားတော် ကံရာဇာငယ်၊
၃။ သားတော် ဇမ္ဗူဒီပရာဇာ၊
၄။ သားတော် သက်္ကဿရာဇာ၊
၅။ သားတော် ဝိပန္နရာဇာ၊
၆။ သားတော် ဒေဝတရာဇာ၊
၇။ ဘထွေးတော် မုနိကရာဇာ၊
၈။ ညီတော် နာဂရာဇာ၊
၉။ သားတော် ဣန္ဒကရာဇာ၊
၁၀။ သားတော် သမုတိရာဇာ၊
၁၁။ သားတော် ဒေဝရာဇာ၊
၁၂။ သားတော် မဟိန္ဒရာဇာ၊
၁၃။ သားတော် ဝိမာလရာဇာ၊
၁၄။ သားတော် သီဟနုရာဇာ၊

mgyoe.com

mgyoe.com


၁၅။ သားတော် မင်္ဂနရာဇာ၊
၁၆။ သားတော် ကံသရာဇာ၊
၁၇။ သားတော် ကလိင်္ကရာဇာ၊
၁၈။ သားတော် သင်းတွဲရာဇာ၊
၁၉။ ညီတော် သီဟနုရာဇာ၊
၂၀။ သားတော် ဟံသရာဇာ၊
၂၁။ သားတော် ဝရရာဇာ၊
၂၂။ သားတော် အလောင်းရာဇာ၊
၂၃။ သားတော် ကောလကရာဇာ၊
၂၄။ သားတော် သူရိယရာဇာ၊
၂၅။ သားတော် သင်းကြီးရာဇာ၊
၂၆။ သားတော် တိုင်းချစ်ရာဇာ၊
၂၇။ သားတော် မဓုရာဇာ၊
၂၈။ သားတော် မင်းလှကြီးရာဇာ၊
၂၉။ သားတော် သံသုသီဟရာဇာ၊
၃၀။ သားတော် ဓနင်္ကရာဇာ၊
၃၁။ သားတော် ဟိန္နရာဇာ၊
၃၂။ သားတော် မောရိယရာဇာ၊
၃၃။ သားတော် ဘိန္နကရာဇာ၊

ဟူ၍ ဖြစ်လေသည်။ ထိုပထမ တကောင်းခေတ် ၃၃ ဆက်မြောက် ဘိန္နကရာဇာ လက်ထက်တွင် တရုတ်တရက်တို့ နှောင့်ယှက်သဖြင့် သင်္ကဿရဋ္ဌ တကောင်းပြည်ပျက်လေရာ မင်းကြီးသည် ရမိသမျှ ဗိုလ်ခြေတို့ကို စုဆောင်း၍ မလည် အရပ်တွင် ခိုဝင်နေလေသည်။ ထိုအရပ်၌ မင်းကြီး နတ်ရွာစံလျှင် ဗိုလ်ပါတို့လည်း အစုစု ကွဲကြလေသည်။


mgyoe.com

mgyoe.com

## ဒုတိယ တကောင်းခေတ်

ထိုအချိန်လောက်တွင် အိန္ဒိယနိုင်ငံ၌ သာဝတ္ထိပြည်ရှင် ပသေနဒီကောသလမင်းက ကပိလဝတ်ပြည်ရှင် မဟာနာမ မင်းထံ မျိုးရိုးဆက်ရန် သမီးကညာတောင်းရာ သာကီဝင်မင်း တို့က မျိုးရိုးပျက်မည်စိုးသဖြင့် မင်းသမီးစစ်ကိုမပေးဘဲ ကျွန်မ ၏သမီး ဇာတ်နိမ့်ဖြစ်သော ဝါသဘခတ္တိယမင်းသမီးကို ပေး လိုက်၍ မဟာနာမမင်းမိဖုရား မြှောက်လေသဖြင့် ဝိဋူဍူပမင်း သားကို ဖွားမြင်လေသည်။ အရွယ်ရောက်လျှင် ဝိဋူဍူပမင်းသား က ကပိလဝတ်ပြည်သို့သွား၍ ဆွေတော်မျိုးတော်တို့အား ကန် တော့လေသည်။ မင်းသားပြန်သောအခါ ကျွန်မသားနေရာဟု မင်းသားထိုင်သောနေရာကို နို့ရည်ဖြင့် ဆေးကြောလေသည်။ ဝိဋူဍူပမင်းသား ကြားသိလျှင် ရက်နိုး၍ အငြိုးဖွဲ့လေရာ မင်း ဖြစ်သောအခါ သာကီဝင်မင်းတို့ကို စစ်ထိုးသဖြင့် ဒုတိယအကြိမ် သာကီဝင်မင်းဆက် ပျက်စီးရပြန်လေသည်။

သာကီဝင်မင်းမျိုးဖြစ်သော ဓဇရာဇာသည် ပင်လယ်ကမ်း ခြေခရီးဖြင့် ရခိုင်ပြည်သို့လာရောက်၍ မောရိယမြို့ကို တည် ထောင်ပြီးနောက် ရိုးမတောင်ကို ကျော်ဖြတ်၍ အထက်အညာ သို့ ဆန်တက်လေရာ မလည်အရပ်တွင်ရှိနေသော နတ်ရွာစံ

mgyoe.com

mgyoe.com


ဘိန္နကရာဇာမင်း၏ မိဖုရား နာဂဆိန်နှင့်တွေ့လျှင် သာကီဝင်အဆက်အနွယ်ချင်းဖြစ်သဖြင့် စုံဖက်ကာ အညာပုဂံ ပြည်ကိုတည်ထောင်စံနေကြလေသည်။ မကြာမီ သားတော် ဝိရာဂကိုဖွားမြင်ပြီးနောက် တကောင်းပြည် အရပ်၌ ပဥ္စာလရာဇ် (ပဥ္စာတကောင်း) မြို့ကို ထပ်မံတည်ထောင်ကာ သတိုးဓမ္မဒြိပဓဇရာဇာဘွဲ့ဖြင့် ထီးနန်းစိုးအုပ်ခဲ့ပြန်လေသည်။

ထိုမင်း နတ်ရွာစံလျှင် အစဉ်အဆက်အားဖြင့် မင်း ၁၇ ဆက် ဆက်လက်အုပ်စိုးခဲ့ကြရာ ဒုတိယ တကောင်းဆက်မင်းများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သတိုးဓမ္မဒြိပဓဇ၊
၂။ သတိုးတိုင်းရရာဇာ၊
၃။ သတိုးရထားရ၊
၄။ သတိုးတမ်းခွန်ရ၊
၅။ သတိုးလှုံရ၊
၆။ သတိုးလှေ့ရ (သတိုးရွှေ)
၇။ သတိုးဂဠုန်ရ၊
၈။ သတိုးနဂါးရ၊
၉။ သတိုးနဂါးနိုင်၊
၁၀။ သတိုးရလောဟာ၊
၁၁။ သတိုးပေါင်ရှည်၊
၁၂။ သတိုးကျောက်ရှည်၊
၁၃။ သတိုးဆင်လောက်၊
၁၄။ သတိုးဆင်ထိန်း၊
၁၅။ သတိုးတိုင်းချစ်၊
၁၆။ သတိုးမင်းကြီး၊
၁၇။ သတိုးမဟာရာဇာ၊

mgyoe.com

mgyoe.com


သတိုးမဟာရာဇာ မင်းကြီးတွင် သားတော် မထွန်းကား သဖြင့် မိဖုရားကြီး ကိန္နရာဝတီ၏ မောင်တော် ခေပဒူတကို အိမ်ရှေ့ပေးလေသည်။ ထိုအချိန်ကား အိန္ဒိယနိုင်ငံ၌ မြတ်စွာဘုရား ပွင့်တော်မူပြီးရုံမျှမက ပရိနိဗ္ဗာန်စံလွန်ပြီး၍ စတင်ရေတွက်သည့် သာသနာနှစ် ၄၀ ခန့်ရှိပြီ ဖြစ်လေသည်။

တစ်နေ့သ၌ တကောင်းပြည်တွင် တောဝက်ကြီးတစ်ကောင် သောင်းကျန်းဖျက်ဆီးလေရာ ခေပဒူတသည် လက်နက်ငါးပါးကိုယူ၍ ဝက်ကြီးရန်ကို ဖြိုခွင်းရန်လိုက်လေသည်။ ဝက်ကြီးကို မရမိသမျှ နေပြည်တော်သို့မပြန်ဟူ၍ နေ့ရက်မပြတ် လိုက်လေသော် ကာလကြာလျှင် သရေခေတ္တရာပြည်တည်ရာအနီးရှိ ကျွန်းတစ်ကျွန်းသို့ရောက်လျှင် ဝက်ကြီးကို ထိုးသတ်နိုင်လေတော့သည်။ ထိုအခါ ခေပဒူတသည် နေပြည်တော်သို့ ပြန်လိုစိတ်မရှိတော့သဖြင့် ထိုအရပ်၌ ရသေ့ပြု၍ နေထိုင်လေရာ၊ သကျအင်းအရပ်ရှိ ပျူအမျိုးသားတို့က ဆည်းကပ်ကိုးကွယ်ကြလေသည်။ တကောင်းပြည်တွင် ခေပဒူတ ထွက်ခွာသွားသောနှစ်၌ မင်းကြီး၏ မိဖုရားမှ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝဟူသော မျက်မမြင်သားတော် အမြွှာနှစ်ပါးကို ဖွားမြင်လေသည်။

မင်းကြီးသည် ရှက်သောကြောင့် သားတော်များကို ဖျောက်ဖျက်စေရာ မယ်တော်က သနားသဖြင့် ဝှက်ထားလေသဖြင့် အရွယ်ရောက်မှ မင်းကြီး သိရပြန်လေသည်။ တစ်ဖန် မင်းသားတို့အား သတ်စေရာ မယ်တော်က မသတ်ရက်သဖြင့် ဧရာဝတီမြစ်အတိုင်း ဖောင်နှင့်မျှောလိုက်လေသည်။ လမ်းခရီး စလင်းအရပ်သို့ရောက်လျှင် မင်းသားများလည်း ဆေးဝါးအစွမ်းဖြင့် မျက်စိအလင်းရလေသည်။ ဆက်လက်စုန်ဆင်းကြရာ ဦးရီးရသေ့ စံမြန်းသော သရေခေတ္တရာ ဆိပ်ကမ်းသို့ရောက်လျှင်

mgyoe.com

mgyoe.com


ရသော့ မွေးစားသော သမီးဗေဒါရီနှင့်တွေ့၍ ဦးရီးရသော့ထံသို့ လိုက်ပါကြရာမှ ဆွေမျိုးတော်စပ်ကြောင်း မိန့်ကြားကာ သာသနာနှစ် ၆၀ ပြည့်နှစ်တွင် ဗေဒါရီနှင့် မဟာသမ္ဘဝအား လက်ထပ်ပေးလေသည်။

ロ

mgyoe.com

mgyoe.com

## သရေခေတ္တရာခေတ်

ထိုအချိန်၌ ပျူတို့နေရာ သကျအင်းအရပ်တွင် ဘုရင်မရှိဘဲ မိဖုရားသာလျှင် အုပ်ချုပ်လျက်ရှိရာ မဟာသမ္ဘဝသည် ဗိဿနိုး ပျူမိဖုရားနှင့် လက်ထပ်ကာ ထိုအရပ်၌ပင် ဆက်လက်စိုးစံအုပ်ချုပ်လေသည်။ ဗေဒါရီတွင် သန္ဓေသုံးလရှိသောအခါ မဟာသမ္ဘဝမင်း နတ်ရွာစံသဖြင့် ညီတော် စူဠသမ္ဘဝသည် ဗေဒါရီကိုပင် မိဖုရားမြှောက်ကာ ဆက်လက်၍ ထီးနန်းစံလေသည်။ သားတော်ကို ဒွတ္တပေါင်ဟူ၍ အမည်မှည့်လေသည်။

သာသနာတော်နှစ် ၁၀၁ ခုနှစ်တွင် စူဠသမ္ဘဝမင်း နတ်ရွာစံလျှင် ဒွတ္တပေါင်မင်းသားသည် ထီးနန်းဆက်ခံ၍ သရေခေတ္တရာမြို့တော်ကို တည်ထောင်လေသည်။ ဘုရားစေတီအများလည်း တည်လေသည်။

ဤသို့လျှင် သရေခေတ္တရာပြည်၌ မဟာသမ္ဘဝမှစ၍ သာသနာနှစ် ၆၁၂ ခုနှစ်အထိ မင်း ၂၇ ပါး အုပ်စိုးစံခဲ့ကြလေသည်။ ၁၁ ဆက်မြောက် သီရိရာဇ်မင်းလက်ထက်တွင် မင်းမျိုးမဟုတ်သော အရည်အချင်းရှိသူတစ်ဦးအား အိမ်ရှေ့အရာပေးသဖြင့် ထိုမင်းလွန်သော် မင်းမျိုးမဟုတ်သူ မင်းဆက်ထူလေရာ ငတပါးမင်းဟူ၍ ခေါ်တွင်လေသည်။ သရေခေတ္တရာမြို့တွင် စိုးစံသော မင်း ၂၇ ဆက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

mgyoe.com

| | | |
|---|---|---|
| ၁။ | မဟာသမ္ဘဝ | (သာသနာနှစ် ၆၀–၆၆) |
| ၂။ | ညီစူဠသမ္ဘဝ | ( ။ ၆၆–၁၀၁) |
| ၃။ | သား ဒွတ္တပေါင် | ( ။ ၁၀၁–၁၇၁) |
| ၄။ | သား ဒွတ္တရန် | ( ။ ၁၇၁–၂၁၆) |
| ၅။ | သား ရန်ပေါင် | ( ။ ၂၁၆–၂၆၁) |
| ၆။ | သား ရန်မန် | ( ။ ၂၆၁–၃၀၈) |
| ၇။ | သား ရကွန် | ( ။ ၃၀၈–၃၃၆) |
| ၈။ | သား ခန်းလောင်း | ( ။ ၃၃၆– ၃၆၉) |
| ၉။ | သား လက်ခိုင် | ( ။ ၃၆၉–၃၉၉) |
| ၁၀။ | သား သီရိစန် | ( ။ ၃၉၉–၄၂၇) |
| ၁၁။ | သား သီရိရာဇ် | ( ။ ၄၂၇–၄၄၆) |
| ၁၂။ | တေပါး | ( ။ ၄၄၆–၄၉၇) |
| ၁၃။ | သား ပါပိရန် | ( ။ ၄၉၇–၅၁၇) |
| ၁၄။ | သား ရန်မုကွ | ( ။ ၅၁၇–၅၃၂) |
| ၁၅။ | သား ရန်သိခ် | ( ။ ၅၃၂–၅၃၅) |
| ၁၆။ | သား ရန်မုဠလိန္ဒ | ( ။ ၅၃၅–၅၅၀) |
| ၁၇။ | ညီ ဘောရိန္ဒ | ( ။ ၅၅၀–၅၆၃) |
| ၁၈။ | သား ပုဠလ | ( ။ ၅၆၃–၅၇၈) |
| ၁၉။ | သား ပုဏ္ဏ | ( ။ ၅၇၈–၅၈၁) |
| ၂၀။ | ညီ သာခ | ( ။ ၅၈၁–၅၈၄) |
| ၂၁။ | သား သာသိ | ( ။ ၅၈၄–၅၉၁) |
| ၂၂။ | ညီ ကန္ဒ | ( ။ ၅၉၁–၅၉၃) |
| ၂၃။ | နောင်တော် ကန်တက် | ( ။ ၅၉၃–၅၉၅) |
| ၂၄။ | နောင်တော် ဘိဒ္ဓ | ( ။ ၅၉၅–၆၀၄) |
| ၂၅။ | သား သုမုန္ဒရီ | ( ။ ၆၀၄–၆၂၉) |

mgyoe.com

mgyoe.com


၂၆။ သား အတိတျာ (သာသနာနှစ် ၆၂၉–၆၁၂)
၂၇။ ညီ သုပညာနဂရဆိန္ဒ ( ။ ၆၁၂–၆၂၄)

သရေခေတ္တရာတွင် စိုးစံသော မင်းများအနက် သုပညာနဂရဆိန္ဒမင်းလက်ထက် ၆၂၄ ခုနှစ်တွင် သက္ကရာဇ် ၆၂၂ နှစ်ကိုဖြို၍ သက္ကရာဇ်သစ် ၂ ခုနှစ်က စတင်ရေတွက်လေသည်။ ထိုမင်းသည် သက္ကရာဇ်သစ် ၂ ခုနှစ်တွင်ပင် နတ်ရွာစံလေသည်။ ထိုမင်းလက်ထက်တွင် ရခိုင်သို့စစ်ချီရာမှ ရွှေဆင်းတုတော်ကို မင်းကြီး ကြည်ညိုလှသဖြင့် မပြန်လိုဘဲရှိနေရာ အမတ်တို့က ဆင်းတုတော်ကို မီးတိုက်ပြီးမှ ရုပ်ပွားငယ် သွန်းထုဆက်သလေသည်။ ကျန်သောရွှေများကို စားသုံးကြ၍ လူတို့လုံ့လ အားထုတ်ခြင်း နည်းပါးလေရာ စားသောက်သီးနှံများ ဆွံ့ရှားကာ နောက်ဆုံးသက္ကရာဇ် ၁၆ ခုနှစ်တွင် ကောလာဟလ သတင်းကြောင့် ဖရိုဖရဲ ထိတ်လန့်ထွက်ပြေးရာမှ သရေခေတ္တရာမြို့လည်း ပျက်စီးရလေတော့သည်။

□

mgyoe.com

mgyoe.com

## ပထမ ပုဂံခေတ်

သရေခေတ္တရာပျက်လျှင် ပျူတို့လည်း အချင်းချင်း ကွဲကြပြန်လေသည်။ မြန်မာတို့လည်း သီးခြားလူမျိုးစုအဖြစ် ထင်ရှား၍ လာခဲ့လေသည်။ ပျူနှင့် မြန်မာတို့သည် ရောယှက်ပေါင်းသင်းနေထိုင်ကြ၍ ပျူအမည်ထက် မြန်မာအမည်က ပိုမိုထင်ရှားလာခဲ့လေသည်။ သရေခေတ္တရာပျက်ရာ၌ ရွှေ့ပြောင်းကြသူများသည် အချို့က ကျပင်းအမျိုးသားတို့နှင့်ပေါင်း၍၊ အချို့က သက်အမျိုးသားတို့နှင့်ပေါင်း၍ နေထိုင်ကြလေသည်။ အချို့ကား တောင်ညိုအရပ်တွင် မြို့ရွာတည်ကြပြန်လေသည်။ ထိုမှတစ်ဆင့် မင်းတုန်းမြို့ ကို တည်ကြပြီးနောက် နောက်ဆုံးတွင် သက္ကရာဇ် ၂၉ ခုနှစ်၌ ယုန်လွှတ်ကျွန်း အရပ်၌ စုပေါင်းမိကြပြန်လေသည်။

ယုန်လွှတ်ကျွန်း၌ စုဝေးမိသော ပျူနှင့် မြန်မာတို့ကို အကြီးအကဲအဖြစ်ဖြင့် သရေခေတ္တရာ သုပညာနဂရ ဆိန္နမင်း၏တူဖြစ်သော သမုဒ္ဒရာဇ်မင်းသားက ဦးဆောင်ကာ ယုန်လွှတ်ကျွန်းအရပ်တွင်ပင် ရွာပေါင်း ၁၉ ရွာကို စုစည်းလျက် မြို့ရွာတည်ထောင်၍ စိုးအုပ်လေသည်။

mgyoe.com

mgyoe.com


သက္ကရာဇ် ၂၉ ခုနှစ်တွင် မြို့သစ်တည်ထောင်ခဲ့ရာ ထိုမင်းလက်ထက်တွင် တကောင်းမင်းရိုး မျိုးနွယ်ဖြစ်သော မင်းထီး အမည်ရှိ သူငယ်တစ်ယောက်သည် လေးအတတ်ကို ကျွမ်းကျင်တတ်မြောက်၍ ယုန်လွှတ်ကျွန်းအရပ်ရှိ ပျူအိုလင်မယားထံတွင် တည်းခိုနေလေသည်။ ထိုအခိုက် ယုန်လွှတ်ကျွန်းတွင် ဆိုးသွမ်းနေသော ဝက်ကြီး၊ ငှက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့၏ ရန်ကို သူငယ်က လေးအစွမ်းဖြင့် နှိမ်နင်းအောင်မြင်လိုက်သည်ကို သမုဒ္ဒရာဇ်မင်းက ဝမ်းမြောက်၍ သမီးတော် သီရိစန္ဒာဒေဝီနှင့် လက်ထပ်ကာ အိမ်ရှေ့မင်းအရာ ပေးလေသည်။

သက္ကရာဇ် ၇၄ ခုနှစ်တွင် သမုဒ္ဒရာဇ်မင်း နတ်ရွာစံလေလျှင် မင်းထီးသည် မိမိ မင်းမပြုသေးဘဲ ဆရာရသေ့အား မင်းပြုစေသဖြင့် ရသေ့ကြောင်မင်း ဟူ၍ ထင်ရှားလေသည်။ ရသေ့ကြောင်မင်းသည် သက္ကရာဇ် ၈၉ ခုနှစ်တွင် နတ်ရွာစံမှ မင်းထီးသည် ပျူစောထီးမင်း အဖြစ်ဖြင့် ထီးနန်းဆက်ခံလေသည်။ ပျူမင်းထီး နောက်တွင် သားတော်စဉ်ဆက် ထီးနန်းစိုးစံကြလေသည်။ မြို့တော်ကို ပျူစောထီးလက်ထက်၌ အရိမဒ္ဒန ဟူ၍ သမုတ်လေသည်။

ယုန်လွှတ်ကျွန်းတွင် နန်းစိုက်ကြသော မင်းများမှာ

| | | | |
|---|---|---|---|
| ၁။ | သမုဒ္ဒရာဇ် | (သက္ကရာဇ် | ၂–၄၇) |
| ၂။ | ရသေ့ကြောင် | ( ။ | ၄၇–၆၂) |
| ၃။ | ပျူစောထီး | ( ။ | ၆၂–၁၄၄) |
| ၄။ | သား ထီးမင်းယဉ် | ( ။ | ၁၄၄–၁၇၁) |
| ၅။ | သား ယဉ်မင်းပိုက် | ( ။ | ၁၇၁–၂၅၆) |
| ၆။ | သား ပိုက်သေလည် | ( ။ | ၂၅၆–၂၉၃) |
| ၇။ | သား သေလည်ကြောင် | ( ။ | ၂၉၃–၃၃၇) |

mgyoe.com

mgyoe.com


ဟူ၍ ဖြစ်လေသည်။ သေလည်ကြောင်မင်းလက်ထက်တွင် ယုန်လွှတ်ကျွန်းမှ မြို့တော်ကို ပြောင်းရွှေ့၍ လောကနန္ဒာအရပ်၊ ကျောက်စကားရွာနေရာ၌ **သီရိပစ္စယာ** အမည်ဖြင့် မြို့တော်တည်ထောင်လေသည်။ သီရိပစ္စယာတွင် ဆက်လက်စိုးအုပ်သောမင်းများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

| | | | |
|---|---|---|---|
| ၈။ | သား ကြောင်ဒူရစ် | ( သက္ကရာဇ် | ၃၃၇–၃၆၂) |
| ၉။ | သား သည်ထန် | ( ။ | ၃၆၂–၃၉၉) |
| ၁၀။ | အမတ်သူရဲ | ( ။ | ၃၉၉–၄၁၄) |
| ၁၁။ | သည်ထန်မင်း၏သား သာရမွန် | ( ။ | ၄၁၄–၄၃၆) |
| ၁၂။ | သိုက်တိုင်မင်း | ( ။ | ၄၃၆–၄၄၃) |

သိုက်တိုင်မင်း၏လက်ထက် ၄၃၈ ခုနှစ်တွင် သီရိပစ္စယာမြို့တော်မှ ရွှေ့ပြောင်း၍ ရွာစိုက် (ဖွားစောရွာ) ရွာတွင် **တမ္ဗဝတီ** အမည်ဖြင့် မြို့သစ်စိုက်တည် စိုးစံလေသည်။ မြို့သစ်တွင် ဆက်လက်စိုးစံသော မင်းများမှာကား အောက်ပါအတိုင်း ဖြစ်လေသည်။

| | | | |
|---|---|---|---|
| ၁၃။ | သား သေလည်ကြောင် | (သက္ကရာဇ် | ၄၄၃–၄၅၂) |
| ၁၄။ | ညီ သေလည်ပိုက် | ( ။ | ၄၅၂–၄၅၇) |
| ၁၅။ | ညီ ခန်းလောင် | ( ။ | ၄၅၇–၄၆၇) |
| ၁၆။ | ညီ ခန်းတက် | ( ။ | ၄၆၇–၄၇၉) |
| ၁၇။ | သား ထွန်တိုက် | ( ။ | ၄၇၉–၄၉၂) |
| ၁၈။ | သား ထွန်ပစ် | ( ။ | ၄၉၂–၅၀၈) |
| ၁၉။ | သား ထွန်ချစ် | ( ။ | ၅၀၈–၅၃၅) |
| ၂၀။ | သိဃ်ရာဇာ(မိဖုရားဆရာ) | ( ။ | ၅၃၅–၅၆၂) |

သိဃ်ရာဇာမင်း လက်ထက်တွင် သက္ကရာဇ် ၅၆၂ ခုနှစ်၌ နှစ်ပေါင်း ၅၆၀ ကို ဖြိုပြန်၍ သက္ကရာဇ်ကို ၂ ခုနှစ်မှ စတင်ရေတွက်ပြန်လေသည်။

mgyoe.com

mgyoe.com



| | | | |
|---|---|---|---|
| ၂၁။ | မင်းရိုး ရွှေအုန်းသီး | (သက္ကရာဇ် | ၂-၁၄) |
| ၂၂။ | ညီ ပိတ်သုံ | ( ။ | ၁၄-၂၂) |
| ၂၃။ | သား မိတ်တောင်း | ( ။ | ၂၂-၇၂) |
| ၂၄။ | ညီ ငခွေး | ( ။ | ၇၂-၇၈) |
| ၂၅။ | မြင်းကျွေး | ( ။ | ၇၈-၈၈) |
| ၂၆။ | သိခ် | ( ။ | ၈၈-၉၆) |
| ၂၇။ | သိန်းခွန် | ( ။ | ၉၆-၁၀၆) |
| ၂၈။ | သား ရွှေလောင်း | ( ။ | ၁၀၆-၁၁၅) |
| ၂၉။ | သား ထွန်းတွင်း | ( ။ | ၁၁၅-၁၂၄) |
| ၃၀။ | သား ရွှေမှောက် | ( ။ | ၁၂၄-၁၄၇) |
| ၃၁။ | ညီ ထွန်လက် | ( ။ | ၁၄၇-၁၆၄) |
| ၃၂။ | သား စောခင်နစ် | ( ။ | ၁၆၄-၁၉၁) |
| ၃၃။ | သား ခဲလူ | ( ။ | ၁၉၁-၂၀၈) |
| ၃၄။ | ညီ ပျဉ်ပြား | ( ။ | ၂၀၈-၂၃၈) |


ပျဉ်ပြားမင်း သက်ထက်တွင် တမ္ပဝတီမြို့မှ ယခုတည်ရှိသော ပုဂံမြို့သို့ ပြောင်းရွှေ့၍ မြို့သစ်တည်ထောင် စိုးစံခဲ့လေသည်။


| | | | |
|---|---|---|---|
| ၃၅။ | သား တန်နက် | ( ။ | ၂၃၈-၂၆၆) |
| ၃၆။ | စလေငခွေး | ( ။ | ၂၆၆-၂၉၆) |
| ၃၇။ | သား သိန်းခို | ( ။ | ၂၉၆-၃၁၈) |
| ၃၈။ | တောင်သူကြီး စောရဟန်း | ( ။ | ၃၁၈-၃၆၃) |


**(ပုဂံတွင် စိုးစံကြသော မင်းများနှင့်ပတ်သက်၍ ရှေးဦးမင်းတို့၏ လက်ထက်များ၌ ထူးခြားထင်ရှားသော အကြောင်းအရာတို့ကို အမှတ်အသားများစွာ မတွေ့ရပေ။ ပုဂံခေတ်နှင့်ပတ်သက်၍ ကျောက်စာထင်ရှား ဖော်ပြပါရှိချက်များမှာ စောရဟန်းမင်းလက်ထက် သိမ်ပျက်ကို ပြင်ဆင်သော စောရဟန်း သိမ်ကျောက်စာ စသည်**

mgyoe.com

mgyoe.com


တို့မှ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူမင်းများ လက်ထက်ထိုး ကျောက်စာများကိုသာ တွေ့ရှိရပေသည်။ ထို့ကြောင့် ကျောက်စာကို ထောက်ပြနိုင်သော ကာလအတွက်သာလျှင် ရာဇဝင် အတည်တကျ ယူနိုင်မည်ဟူ၍ အစွဲရှိသူတို့က မြန်မာနိုင်ငံ သမိုင်းသည် အနော်ရထာခေတ်လောက်မှ စတင်သည်ဟု ယူဆလေ့ရှိကြပေသည်။ စင်စစ်အားဖြင့် ခိုင်မာသောကျောက်စာ မရှိစေကာမူ အဆင့်ဆင့် မှတ်တမ်းများအရ တကောင်းခေတ်၏ ထောက်မှီသော ရာဇဝင်နောက်ခံကို ယေဘုယျအားဖြင့် လက်ခံရပေမည်။ အကျယ်လေ့လာ ထောက်မှီသော ရာဇဝင်အနေဖြင့် ပုဂံခေတ်လယ်မှစ၍ သုံးသပ်လေ့လာရန်သာ လိုအပ်ပေသည်။)

ပုဂံခေတ်နှင့် ပတ်သက်၍ ယခုတိုင် တည်ရှိနေသော သာသနိက အဆောက်အဉီများနှင့် ပတ်သက်၍ ဘုရားဘုရားကို ပျူစောထီး လက်ထက်၌ တည်သည်ဟူ၍လည်းကောင်း၊ တိမ်ဘုရား၊ ကျင်ဘုရားတို့ကို ပျဉ်ပြားမင်းတည်သည်ဟူ၍လည်းကောင်း၊ အတွင်းစည်းခုံကို ကြောင်းဖြူမင်း တည်သည်ဟူ၍လည်းကောင်း၊ သေဉ်လည်ဂူကို သေဉ်လည်ကြောင်မင်း တည်သည်ဟူ၍လည်းကောင်း၊ ပုထိုးကြီး၊ ပုထိုးသားများကို တောင်သူကြီးမင်း တည်သည်ဟူ၍လည်းကောင်း မှတ်သားခဲ့ကြပေသည်။ ပုဂံမင်းများ၏ ကောင်းမှုလက်္ာတွင် အနော်ရထာမတိုင်မီ ရှေးဦးပုဂံမင်းတို့၏ ကောင်းမှုများကို စာရင်းတင်ထားပေသည်။ ထို့ကြောင့် အနော်ရထာမင်းမတိုင်မီ ရာဇဝင်သမိုင်းနှင့် အရပ်ရပ် ယဉ်ကျေးမှုများ အစဉ်အဆက် ထွန်းကားတည်ရှိခဲ့သည်ဟုပင် ယူဆရပေသည်။

၃၉။ ကွမ်းဆော်ကြောင်းဖြူ ( သက္ကရာဇ် ၃၆၃–၃၈၃)
၄၀။ စောရဟန်းမင်း၏သား ကျည်စိုး ။ ၃၈၃–၄၀၀)
၄၁။ ညီ စုက္ကတေး ( ။ ၄၀၀–၄၀၆)

mgyoe.com

mgyoe.com


၄၂။ ကွမ်းဆော်မင်း၏သား
အနော်ရထာ အနုရုဒ္ဓါဒေဝ၊ ( ။ ၄၀၆–၄၃၉)

မြန်မာ့သမိုင်းတွင် အနော်ရထာ လက်ထက်မှစ၍ နိုင်ငံထူထောင်ပုံများကို အတော်အတန် ကျယ်ဝန်းစွာ လေ့လာနိုင်ခွင့်ရပေသည်။ ကျောက်စာများ၊ မှတ်တမ်းများလည်း များပြားလေသည်။

## ၄၂။ အနော်ရထာ (၄၀၆-၄၃၉)

အနော်ရထာမင်းသည် နောင်တော် စုက္ကတေးမင်းကို ပုန်ကန်စီးချင်းထိုး၍ အနိုင်ရလေသော် ညောင်ဦးစောရဟန်းမင်း၏သားတော် ကျည်စိုးမင်းက နန်းချခဲ့သော မိမိ ခမည်းတော် ကွမ်းဆော်ကြောင်းဖြူမင်းကြီးအား ထီးနန်းကို ပြန်၍အပ်လေသည်။ မင်းကြီးက မိမိ အိုမင်းလေပြီဟု သားတော်အား အုပ်စိုးခွင့်ပြုလေမှ ထီးနန်းကို ဆက်ခံလေသည်။ အနော်ရထာမင်းကြီးသည် သူရဲကောင်းများကို မြှောက်စားလေသည်။ သထုံပြည်မှ ကြွလာသော ရှင်အရဟံကို အကြောင်းပြု၍ ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်သည့်အတိုင်း ရွှေစည်းခုံ စသော ဘုရားပုထိုးများကို တည်တော်မူလေသည်။ ၄၁၉ ခုနှစ်တွင် သထုံပြည် မနုဟာမင်းထံမှ ဗုဒ္ဓ ပိဋကတ်တော်များကို တောင်းခံရာ မရသဖြင့် စစ်ထိုးလေသည်။ စစ်အောင်နိုင်သဖြင့် မနုဟာမင်းနှင့်တကွ လက်မှုပညာသည်များကို ပုဂံပြည်သို့ ခေါ်ဆောင်သွားလေသည်။ အနော်ရထာမင်းကြီးသည် နိုင်ငံတော် နယ်စပ်တစ်လျှောက်တွင် ပြည်ပရန်ကို တားဆီးရန် ကင်းစခန်းမြို့များ တည်ထောင်လေသည်။ စုစုပေါင်း ၄၃ မြို့ ဖြစ်လေသည်။ နိုင်ငံအရပ်ရပ်ရှိ ဆည်မြောင်း၊ ချောင်းကန်များကို ပြုပြင်လေသည်။ မိတ္ထီလာကန်ကိုဆယ်၍၊ ပန်းလောင်မြစ်၊ ဇော်

mgyoe.com

mgyoe.com


ဂျိုမြစ်တို့တွင် ဆည်များဖို့၍ လယ်မြေများကို ရေပေးသွင်းရန် စီမံလေသည်။

အနော်ရထာမင်းကြီးတွင် အိမ်နိမ့်စံစဉ်က မိဖုရားမှ စောလူးမင်းကို ဖွားမြင်လေသည်။ ဝေသာလီမင်း၏ သမီးတော် ပဉ္စကလျာဏီ မင်းသမီးကိုမူ မိဖုရားအရာမမြှောက်မီ ရည်ငံရင်းရှိသော ရာဇတမာန်အမတ်၏ ကုန်းချောစကားကြောင့် မင်းသမီးစစ် မထင်မှတ်သဖြင့် စွန့်တော်မူရာမှ သန္ဓေပါရှိသွားရာတွင် ကျန်စစ်သားကို ဖွားမြင်လေသည်။ ဥဿာပဲခူးသို့ ဂျွမ်းစစ်သည်များ ချီတက်လာရာ စစ်ကူစေလွှတ် နှိမ်နင်းပေးသဖြင့် ပဲခူးစားက သမီးတော် မဏိစန္ဒာကို ဆက်သလိုက်သည်ကိုလည်း မိဖုရားမြှောက်လေသည်။ မောရှမ်းပြည်မှ ရှမ်းစော်ဘွား၏သမီး စောမွန်လှကိုလည်း မိဖုရားမြှောက်လေသည်။ အနော်ရထာမင်းသည် တိုင်းခန်းလှည့်လည်ရာ ယူနန်နယ် နန်းစောနိုင်ငံသို့လည်းကောင်း၊ ဘင်္ဂလားပြည်သို့လည်းကောင်း၊ ရခိုင်ပြည်သို့လည်းကောင်း ခရီးလှည့်လည် ရောက်ရှိခဲ့လေသည်။ ရခိုင်မင်း၏ သမီးတော် ထီးလှိုင်ဖြူကိုလည်း သိမ်းပိုက်တော်မူလေသည်။

အနော်ရထာမင်းကြီးသည် ၃၃ နှစ်တိုင်တိုင် နိုင်ငံတော်ကို ထူထောင်ပြီးနောက် အောင်သာအရပ်တွင် ကျွဲရိုင်းကို နှိမ်နင်းရာ ကျွဲရိုင်းခတ်မိ၍ နတ်ရွာစံလေသည်။

## ၄၃။ စောလူးမင်း (၄၃၉-၄၄၆)

အနော်ရထာမင်း နတ်ရွာစံလျှင် သားတော် စောလူးမင်း နန်းတက်လေသည်။ အနော်ရထာမင်းလက်ထက် မင်းမျက်သင့်၍ တိမ်းရှောင်နေသော ညီတော် ကျန်စစ်သားအား ရှာဖွေခေါ်ယူလေသည်။ ကျန်စစ်သားသည် ကျောင်းဖြူရပ်ရှိ မထီးတူမသမ္ဘူလနှင့် ပေါင်းသင်းနေလေရာ သားကိုဖွားလျှင် မိမိလက်စွပ်

mgyoe.com

mgyoe.com


ကိုယူ၍ လိုက်ခဲ့ရန် မှာကြားခဲ့ပြီး စောလူးမင်းထံ လိုက်ပါခစား လေသည်။ ကျန်စစ်သားသည် ပဲခူးစားသမီးတော် မဏိစန္ဒာ ခင်ဦးနှင့် ငြိစွန်းပြန်သည်ဟု တင်လျှောက်ချက်အရ စောလူး မင်းသည် ကျန်စစ်သားအား ဒလသို့ပို့ပြီးမှ မှူးမတ်တို့ လျှောက် တင်ချက်အရ ပြန်၍ခေါ်လေသည်။

စောလူးမင်းကား ခမည်းတော် အနော်ရထာမင်းကြီး စည်းရုံးထူထောင်ခဲ့သော နိုင်ငံတော်ကို ဆက်လက်ထူထောင် နိုင်စွမ်း မရှိချေ။ စောလူးမင်းသည် အထိန်းတော်၏သား ငရ မန်ကို ပဲခူးမြို့ကို စားစေလေသည်။ တစ်ခါသော် စောလူးမင်း သည် ငရမန်နှင့် ကြွေအန်ကစားရာ ငရမန်နိုင်သဖြင့် ကြုံးဝါး လေသော် နင် သတ္တိရှိက ပုန်ကန်လေဟုဆိုသဖြင့် ငရမန်လည်း ကြံစည်ရင်းအတိုင်း ပုန်ကန်ရာ စောလူးမင်းကို ဖမ်းမိလေသည်။ ကျန်စစ်သားက ဝင်၍ခိုးထုတ်သော်လည်း မယုံ၍မလိုက်သဖြင့် ငရမန်၏ ကွပ်မျက်ခြင်း ခံရလေသည်။ စောလူးမင်း မရှိလျှင် ကျန်စစ်သားသည် ငရမန်၏ရန်ကို ဖြိုခွင်းတိုက်ခိုက်ပြီးနောက် ထီးနန်းဆက်ခံလေသည်။

## ၄၄။ ကျန်စစ်သားမင်း (၄၄၆-၄၇၃)

ကျန်စစ်မင်းသည် ခမည်းတော် အနော်ရထာမင်း ထူထောင် ခဲ့သောနိုင်ငံကို ပြန်လည်စည်းရုံး၍ တိုင်းပြည်ကို ထူထောင်လေ သည်။ မင်းဖြစ်ပြီးလျှင် ဥဿာမင်းသမီး မဏိစန္ဒာခင်ဦး၊ ထီး လှိုင် ရွာသူကြီးသမီး ခင်တန်၊ မထီးတူမ သမ္ဘူလနှင့် အပယ် ရတနာတို့အား သိမ်းပိုက် မိဖုရားမြှောက်လေသည်။ အပယ် ရတနာမှ သမီးတော် ရွှေအိမ်သည်ကို ဖွားမြင်ရာ စောလူးမင်း ၏သားတော် စောယွန်းနှင့် စုံဖက်လေသည်။ သမ္ဘူလမှာမူ မင်းဖြစ်ပြီး ၂ နှစ်ကြာမှ ရောက်ရှိလာသဖြင့် ပါရှိလာသော

mgyoe.com

mgyoe.com


သားတော် ရာဇကုမာအား ဇေယျခေတ္တရာဘွဲ့နှင့် ဥညဝတီနှင့် တောင်စဉ် (၇) ခရိုင်ကို စားစေလေသည်။

ကျန်စစ်မင်းကြီးသည် ထီးနန်းသစ် တည်ဆောက်၍ မွန်တို့အားလည်း စည်းရုံးချီးမြှောက်လေသည်။ နဂါးရုံဘုရား၊ အပယ်ရတနာဘုရား၊ အာနန္ဒာဘုရားတို့ကိုတည်၍ မင်းအိုချမ်းသာဘုရားကိုလည်း တည်လေသည်။ ရွှေစည်းခုံစေတီကိုလည်း ဆက်လက်ကည်လုပ်လေသည်။ ရခိုင်မှထကြွသော သက်မင်းကတုံကိုလည်း နှိမ်နင်းလေသည်။

ကျန်စစ်မင်းကြီးသည် နန်းစံ ၂၈ နှစ်ရှိသောအခါ နာမကျန်းဖြစ်လေလျှင် သားတော်ရာဇကုမာသည် ရွှေဆင်းတုတစ်ဆူ သွန်းလုပ်၍ မင်းကြီးရှေ့တွင် ထိုဘုရားအား မိမိ စားရသော ကျွန်သုံးရွာကိုလှူကာ အမျှပေးဝေလေသည်။ မင်းကြီးလည်း နှစ်သက်တော်မူလေသည်။ ထိုအကြောင်းကို ရာဇကုမာမင်းသားသည် ပါဠိ၊ မြန်မာ၊ ပျူ၊ မွန် လေးဘာသာဖြင့် ကျောက်စာရေးထိုးထားခဲ့လေသည်။ မူရင်းကျောက်တိုင်နှစ်တိုင် စိုက်ထူခဲ့လေရာ ထိုကျောက်စာမှာ မြန်မာစာပေနှင့် သမိုင်းတွင် များစွာအထောက်အကူ ဖြစ်စေခဲ့လေသည်။

## ၄၅။ အလောင်းစည်သူ (၄၇၃-၅၂၉)

ကျန်စစ်မင်းကြီး နတ်ရွာစံလျှင် အိမ်ရှေ့မင်းဖြစ်သော သီရိဇေယျသူသည် အလောင်းစည်သူဟူ၍ ထင်ရှားလျက် ထီးနန်းဆက်ခံလေသည်။ အလောင်းစည်သူမင်းကြီးသည် နိုင်ငံအနှံ့အပြားသို့ လှည့်လည်ကာ ကန်ချောင်းဆည်မြောင်းတို့ကို ပြုစုလေသည်။ ကျပ်၊ ချိန်၊ မူး၊ ပဲ၊ တင်း၊ ခွဲ၊ စလယ်တို့ကို တညီတည်းဖြစ်စေသည်။ သာသနာ့မြေများလှူ၍ ကင်းတိုကင်းရှည်များလည်း ထားတော်မူလေသည်။ သီဟိုဠ်ကျွန်း၊ ဘင်္ဂလား၊

mgyoe.com

mgyoe.com


မာန်အောင်ကျွန်း၊ မလ္လာယုကျွန်းများသို့ လှည့်လည်ရောက်ရှိခဲ့လေသည်။ စေတီပုထိုးများလည်း တည်လေသည်။ ရခိုင်တွင် နန်းရိုးဖြစ်သော လက်ျာမင်းနန်ကို ထီးနန်းပြန်၍ တင်ပေးလေသည်။ တရုတ်ပြည်သို့ သွားရောက်၍ စွယ်တော်ပင့်လေသည်။ ပုဂံတွင် ထင်ရှားသော သဗ္ဗညုဘုရားကိုလည်း တည်တော်မူလေသည်။ သားတော်မင်းရှင်စော မှာ ဒေါသမာန် ခက်ထန်သဖြင့် အဝေးသို့နှင်လေသည်။ သားတော်လတ် နရသူက တိုင်းရေးပြည်မှုကို စီရင်လေသည်။ နရသူသည် ထီးနန်းစိုးစံလိုသဖြင့် မကျန်းမာသော ခမည်းတော်အား နန်းမှချ၍ ရွှေဂူဘုရား၌ထားရှိပြီးလျှင် အဝတ်နှင့်ဖိ၍ လုပ်ကြံသဖြင့် နတ်ရွာစံရလေသည်။

## ၄၆။ နရသူမင်း (၅၂၉-၅၃၂)

အလောင်းစည်သူ နတ်ရွာစံလျှင် နရသူက ထီးနန်းသိမ်းပိုက်လေသည်။ နောင်တော် မင်းရှင်စော ကြားသိ၍ ချီလာသော် လှည့်စား၍ နန်းတင်ပြီးလျှင် ညဥ့်အခါ အဆိပ်ခတ်၍ လုပ်ကြံသဖြင့် ထီးနန်းကို နရသူပင် ဆက်လက်စိုးအုပ်လေသည်။ မင်းကြီးသည် ရဟန်းသံဃာတို့အား နောက်လိုက်နောက်ပါရှိ၍ ထီးနန်းလုယူမည်လောဟု သံသယဝင်ကာ၊ မောင်းမများအား ဖြားယောင်း၍ လူထွက်စေသည်။ မိန်းမများအား ရင်ကွဲဗလာထဘီ ဝတ်စားစေသည်။ ဓမ္မရံသိ (ဓမ္မရံကြီး) စေတီကိုတည်သော်လည်း စေ့စပ်လွှန်း၍မပြီးချေ။ မင်းကြီးသည် ခမည်းတော်ထံ ဆက်သသော ကုလားမင်းသမီးကို ဆက်လက်သိမ်းပိုက်ရာ မင်းကြီးသည် သန့်သက်ရေ မဆောင်သဖြင့် ရွံရှာ၍ မခစားဘဲနေသည်ကို အမျက်ထွက်၍ စီရင်သတ်ဖြတ်လေသည်။ ပဋိက္ခရားပြည် ကုလားမင်း ကြားသိ၍ ကုလားသူရဲ

mgyoe.com

mgyoe.com


ရှစ်ယောက်ကို ပုဏ္ဏားယောင်ဆောင်စေကာ စေလွှတ်လုပ်ကြံစေသဖြင့် နရသူမင်းလည်း နတ်ရွာစံရလေသည်။ နောင်အခါ ကုလားကျမင်း ဟု ခေါ်တွင်လေသည်။

## ၄၇။ နရသိခ်မင်း (၅၃၂-၅၃၅)

နရသူမင်း နတ်ရွာစံလျှင် သားတော် နရသိခ် နန်းတက်၍ ညီတော်ကို နရပတိစည်သူဘွဲ့ဖြင့် အိမ်ရှေ့ပေးလေသည်။ ထိုမင်းအား ပြော့အမျိုးသမီးတစ်ဦးကို ဆက်သရာ မနှစ်သက်၍ ညီတော်အား ပေးလေသည်။ ထိုနောက်မှ ပြော့အမျိုးသမီး ဝေဠုဝတီသည် ဖြီးလိမ်းပြင်ဆင် ပြုပြင်သဖြင့် တင့်တယ်သည်ကိုမြင်သော် ခယ်မတော်အား သိမ်းပိုက်လိုသဖြင့် ညီတော်အား ဥပါယ်တံမျဉ်ဖြင့် ငဆောင်ချမ်းအရပ်သို့ စေလွှတ်၍ ဝေဠုဝတီကို သိမ်းပိုက်လေသည်။ ညီတော်ကြားသော် အောင်ဇွာအမတ်ကို စေလွှတ်၍ နောင်တော်ကို လုပ်ကြံစေလေသည်။

## ၄၈။ နရပတိစည်သူ (၅၃၅-၅၇၂)

နရသိခ်မင်း နတ်ရွာစံလျှင် ညီတော် နရပတိစည်သူသည် ဝေဠုဝတီ မိဖုရားနှင့် ဘိသိက်ခံ၍ မင်းပြုလေသည်။ ထိုမင်းလက်ထက်တွင် အထိန်းတော်သား အနန္တသူရိယ အမတ်ကို မယုံကြည်သဖြင့် သတ်စေရာ ထိုအမတ်ကြီးသည် 'သူတည်းတစ်ယောက်အစချီ' အမျက်ဖြေလင်္ကာကို ရေးသားခဲ့လေသည်။ ထိုလင်္ကာကို နရပတိစည်သူမင်း ဖတ်ရှုရ၍ နောင်တရသော်လည်း အမတ်ကြီးကား အနိစ္စရောက်ခဲ့ပြီးလေပြီ။ မင်းကြီးသည် စူဠာမုဏိ၊ ဂေါဓောပလ္လင်နှင့် ဓမ္မရာဇက ဘုရားများကို တည်ခဲ့လေသည်။

mgyoe.com

mgyoe.com


## ၄၉။ ဇေယျသိင်္ခမင်း (၅၇၂-၅၉၆)

နရပတိစည်သူမင်းကြီး နတ်ရွာမစံမီကပင် သားတော် ငါးပါးအနက် အငယ်ဆုံးဖြစ်သော ဇေယျသိင်္ခအား ချစ်မြတ်နိုး၍တစ်ကြောင်း၊ ထီးဖြူညွှတ်၍တစ်ကြောင်း အိမ်ရှေ့အရာ ပေးခဲ့လေရာ မင်းကြီး နတ်ရွာစံလျှင် ဇေယျသိင်္ခသည် နန်းတက်လေသည်။ နောင်အခါ ထီးလိုမင်းလို ဟူ၍ ထင်ရှားလေသည်။ နားတောင်းများမင်း ဟူ၍လည်း ကျောက်စာတွင် ရေးထိုးလေသည်။ ဇေယျသိင်္ခမင်းသည် နောင်တော်ကြီးလေးပါးကို ကောင်းစွာပြုစုတော်မူ၍ ပြည်ထဲရေးရာတို့ကို ညှိနှိုင်းဆွေးနွေးလေ့ ရှိလေသည်။ ထိုမင်းလက်ထက်မှစတင်၍ လွှတ်တော် ဟူ၍ ပေါ်ပေါက်လာခဲ့သည်ဟု ဆိုလေသည်။ ထိုမင်းသည် တရားသဖြင့် အုပ်ချုပ်၍ ကောင်းမှုစေတီများလည်း တည်ခဲ့လေသည်။

## ၅၀။ ကျစွာမင်း (၅၉၆-၆၁၁)

ဇေယျသိင်္ခမင်း နတ်ရွာစံလျှင် သားတော် ကျစွာမင်းက ထီးနန်းဆက်ခံလေသည်။ သာသနာတော်ရေးကို အားထုတ်တော်မူ၍ ပိဋကတ်ကျမ်းဂန် တတ်မြောက်သဖြင့် ပရမတ္ထဗိန္ဒုကျမ်း၊ သဒ္ဒဗိန္ဒုကျမ်းတို့ကို ပြုစုတော်မူလေသည်။ မြကန်ကိုလည်း ဆယ်တော်မူလေသည်။ သမီးတော်ကိုလည်း စာပေတတ်မြောက်သော ရဟန်းလူထွက်နှင့် ထိမ်းမြား၍ သားမက်အား အမတ်အရာပေးလေရာ သံပျင်အမတ်ဟု ထင်ရှားလေသည်။

## ၅၁။ ဥဇနာမင်း (၆၁၁-၆၁၆)

ကျစွာမင်း နတ်ရွာစံလျှင် သားတော်ဥဇနာက ထီးနန်းစိုးစံလေသည်။ ထိုမင်းသည် မြစ်သာရွာသူ ပန်းပွတ်သည်၏

mgyoe.com

mgyoe.com


သမီးတစ်ဦးကို မိဖုရားမြှောက်သဖြင့် သားတော် မင်းခွေးချေး ကို ဖွားမြင်လေသည်။ မင်းကြီးသည် ဒလသို့စုန်၍ ဆင်ဖမ်း ရာတွင် ဆင်ထိ၍ နတ်ရွာစံရလေသည်။

## ၅၂။ နရသီဟပတေ့မင်း (၆၁၆-၆၄၉)

ဥဇနာမင်း နတ်ရွာစံလျှင် သားတော်ကြီး သီဟသူက နန်းတက်ရန်ဖြစ်သော်လည်း သီဟသူသည် ခက်ထန်ကြမ်းတမ်း သဖြင့် မှူးမတ်တို့က ညီတော် မင်းခွေးချေးဘက်မှ ကူညီကြ သဖြင့် မင်းခွေးချေး ထီးနန်းရလေသည်။ နရသီဟပတေ့ ဘွဲ့ ဖြင့် နန်းတက်သော် အမတ်ကြီး ရာဇသင်္ကြံအား လျစ်လျူရှု ၍ထားလေသည်။ မိဖုရားစော လျှောက်ထားမှ ချီးမြှင့်မြဲ ချီး မြှင့်လေသည်။ ထိုမင်းလက်ထက် မစ္ဆဂိရိနှင့် မုတ္တမတို့ တော် လှန်ရာ နှိမ်နင်းရလေသည်။ နရသီဟပတေ့တွင် မိဖုရားငယ် ငါးပါးရှိရာ မိဖုရားစောနန်းမှ ပုသိမ်စားဥဇနာကို ဖွားမြင်၍ ရှင်ဖားမှ ဒလစားကျော်စွာကို ဖွားမြင်ပြီး၊ ရှင်မောက်မှ ပြည် စား သီဟသူကို ဖွားမြင်လေသည်။ ရှင်ရွှေမှ သမီးတော် စော ဦးကို ဖွားမြင်လေသည်။

နရသီဟပတေ့မင်းသည်လည်း စိတ်ခက်ထန်၍ ကာမဂုံ ကြူးလေသည်။ ၆၃၀ ပြည့်နှစ်တွင် မင်္ဂလာစေတီကိုတည်ရာ ကောလာဟလကြောင့် ရပ်ဆိုင်းထားပြီးမှ ပုံ့သုကူထေရ်၏ တိုက်တွန်းချက်အရ ဆက်လက်တည်လေသည်။ ထိုမင်း လက် ထက်တွင် တာတာဘုရင် ကုဗလိုင်ခန် (ဥတည်မင်း) က ယူ နန်မြို့ဝန်အား မြန်မာတို့ထံမှ လက်ဆောင်ပဏ္ဏာ တောင်းခံ ရန်နှင့် တရုတ်ကုန်သည်တို့အား ကောက်ခံမြဲထက် ပို၍ကောက် ခံသော အခွန်တော်အရေးကို ဆွေးနွေးရန် သံစေလွှတ်လေ သည်။ နရသီဟပတေ့မင်းက ကောင်းစွာလက်မခံဘဲ တရုတ်

mgyoe.com

mgyoe.com


တာတာသံတို့ကို သတ်ဖြတ်ကြလေသည်နှင့် တာတာမြင်းသည်တို့သည် ချီလာ၍ ငဆောင်ချမ်းအရပ်တွင် မြန်မာဆင်တပ်နှင့် တိုက်ခိုက်ကြလေသည်။ မြန်မာတပ်များ အရေးနိမ့်၍ အဆင့်ဆင့် ခုခံရလေသည်။ နရသီဟပတေ့မင်းကား စစ်ကိုလည်း မတိုက်လို၊ တရုတ်တာတာ သံတို့နှင့်လည်း အရေးပျူငှာ ရင်မဆိုင်လိုသဖြင့် ပုသိမ်သို့ ခေတ္တတိမ်းရှောင် စုန်ဆင်းလေသည်။ တရုတ် တာတာတပ်လည်း ပုဂံကိုဖျက်ဆီး၍ ပြည်မြို့အောက် တရုတ်မော်အထိ လိုက်လံပြီးနောက် စားရေရိက္ခာ ရှားပါးသည်နှင့် ပြန်ကြလေသည်။

နရသီဟပတေ့မင်းလည်း ၅ လခန့်ကြာလျှင် တာတာတို့ ပြန်ပြီဖြစ်၍ ပုဂံသို့ဆန်တက်ရာ ငယ်စဉ်က ကျီစားသည်ကို အငြိုးထားသော သားတော်ပြည်စား သီဟသူက လုပ်ကြံသဖြင့် နတ်ရွာစံလေသည်။ ရာဇဝင်၌ တရုတ်ပြေးမင်းဟု ထင်ရှားလေသည်။ သီဟသူသည် ပုသိမ်သို့ချီ၍ နောင်တော် ဥဇနာကိုလည်း လုပ်ကြံသတ်ဖြတ်လေသည်။ သို့ရာတွင် ပဲခူးမှ ထောင်ထားသော ငပမွန်ကို နှိမ်နင်းရာ၌ လေးအငင်လွန်ကာ မိမိကိုယ်ကိုယ် ပင်မိမိ မြားထိမှန်၍ သီဟသူ အနိစ္စရောက်ရှလေသည်။

နရသီဟပတေ့မင်း နတ်ရွာစံလျှင် ပုဂံနေပြည်တော်လည်း တာတာတို့ ဖျက်ဆီး၍ အတော်အတန် ပျက်စီးခဲ့ရသည့်ပြင်၊ ပြည်တွင်းရေး၌လည်း မညီမညွတ် ဖြစ်ရလေသည်။ မစ္ဆဂိရိက လည်းကောင်း၊ ပဲခူး မုတ္တမတို့ကလည်းကောင်း၊ တနင်္သာရီက လည်းကောင်း အသီးသီး ထောင်ထားခြားနားကြလေသည်။ ယွန်းပြည် (ဇင်းမယ်)၊ ဂုံပြည် (ကျိုင်းတုံ)၊ လူးပြည် (ကျိုင်းရုံး) တို့ကလည်း ခြားနားကြလေတော့သည်။ နရသီဟပတေ့မင်းကြီးသည် ရှမ်းပြည်ဘိန္နကမြို့မှ ထွက်ပြေးလာသော စော်ဘွား၏ သားနှင့် မြင်းစိုင်းသူကြွယ် သမီးတို့မှ ဖွားမြင်သော ရှမ်းသွေး

mgyoe.com

mgyoe.com


ပါ အသခ်ယာ၊ ရာဇသင်္ကြံနှင့် သီဟသူတို့ကို ကောက်ယူမွေးစားထားခဲ့လေသည်။ ထိုသူတို့ကိုလည်း အရေးပေး မြှောက်စားထားခဲ့လေသည်။

## ၅၃။ ကျော်စွာမင်း (၁၉၆-၆၆၂)

နရသီဟပတေ့မင်း နတ်ရွာစံပြီးနောက်တွင်ကား ကျန်ရှိသော ဒလစား ကျော်စွာကပင် ပုဂံမြို့ကို အုပ်ကွပ်နေရလေသည်။ ထိုမင်းလက်ထက်တွင် အသခ်ယာအား မြင်းစိုင်းကိုလည်းကောင်း၊ ရာဇသင်္ကြံအား မက္ခရာကိုလည်းကောင်း၊ သီဟသူအား ပင်လယ်ကိုလည်းကောင်း အသီးသီး စားစေလေရာ ကာလကြာလျှင် ရှမ်းညီနောင်မင်းတို့သည် အင်အားခိုင်ဖြိုးလာလေသည်။ တစ်ခါသော် မိဖုရားစောသည် မိမိအား အတိုင်အပင်မရှိသည်ကို စိတ်နာ၍ ရှမ်းမင်းတို့အား ကူပံ့မြှောက်ပင့်လေရာ ရှမ်းညီနောင်တို့က ကျော်စွာမင်းအား ဂူကျောင်းရေစက်ချပြုဟန်ပြု၍ ဖိတ်ကြားပြီး ဖမ်းဆီးကာ သင်္ကန်းဝတ်စေ၍ အကျယ်ချုပ်ထားလျက် မိမိတို့မြို့ အသီးသီးတွင် မင်းပြုကြလေသည်။

## ၅၄။ စောနစ်မင်း (၆၆၂-၆၉၃)

ပုဂံမင်းကို နန်းချလေသော် သားတော်ကြီး စောနစ်က ပုဂံတွင် ဆက်လက်နန်းတက် စိုးစံလေသည်။ သို့ရာတွင် ရှမ်းညီနောင်တို့အား ချိုးနှိမ်နင်းခြင်းမပြုပေ။ ရှမ်းညီနောင်တို့ကလည်း ပုဂံထီးနန်းနေပြည် တိမ်ကောလာပြီဖြစ်၍ အင်အားလည်း နည်းပါးသည်ဖြစ်ရာ မိမိတို့မြို့ပြတွင်သာ ထူထောင်ချဲ့ထွင်၍ စိုးစံနေကြလေသည်။ ပုဂံနှင့် မြင်းစိုင်းတို့သည် နန်းပြိုင်သဖွယ် ဖြစ်နေလေသည်။ သို့ရာတွင် စောနစ်မင်းသည် မိမိ ခမည်းတော်အား နန်းချသူတို့ကို နှိမ်နင်း၍ ကြိတ်၍ကြံစည်

mgyoe.com

mgyoe.com


လျက် တရုတ် ဥတည်မင်းကို အကူအညီတောင်းရာ ပုဂံနန်းရိုး ကိုသာ နန်းတင်မည်ဟု တရုတ်တပ်များ မြင်စိုင်းအထိ ချီလာ လေသည်။ ရှမ်းညီနောင်တို့လည်း နန်းကျကျော်စွာမင်း ဦးခေါင်း ကိုဖြတ်၍ နန်းရိုးမရှိပြီဟု ပြလေသောကြောင့် တရုတ်စစ်သည် တို့ ပြန်ကြလေသည်။

## ၅၅။ စောမွန်နစ်မင်း (၆၉၃-၇၃၀)

ပုဂံတွင် စောနစ်မင်း နတ်ရွာစံလေသော် သားတော် စောမွန်နစ်သည် ထီးနန်းကို ဆက်ခံပြန်လေသည်။ သို့ရာတွင် ထိုအချိန်၌ ပုဂံသည် စည်ပင်ခြင်းမရှိတော့ပေ။ စောနစ်မင်းနှင့် မင်းပြိုင်ပြုခဲ့သော ရှမ်းညီနောင်တို့အနက် မက္ခရာမှ သခ်ယာ မှာ ၅ နှစ်ရှိလျှင် ကွယ်လွန်ပြီး၊ မြင်စိုင်းမှ ရာဇသင်္ကြံမှာလည်း ၁၂ နှစ်ရှိလျှင် ကွယ်လွန်သဖြင့် သီဟသူသည် ပင်လယ်မြို့မှ ရွှေ့ပြောင်း၍ အင်းဝအောက်တွင် ၆၇၄ နှစ်၌ ပင်းယကို တည် ထောင်လေသည်။ ထို့ပြင် စစ်ကိုင်းမြို့ကိုလည်း ထူထောင်၍ အိမ်နိမ့်တွင် ဖွားမြင်သော သားတော် အသခ်ယာစောယွန်းကို ပေးလေသည်။ ထို့ကြောင့် စောမွန်နစ်မင်း ပုဂံတွင် စိုးစံနေချိန် ၌ ပင်းယနှင့် စစ်ကိုင်းတွင်လည်း သီးခြားမင်းပြိုင်များ အုပ် ချုပ်နေပြီဖြစ်လေသည်။ စောနစ်မင်း လက်ထက်တွင် ပုဂံ၌ ထူးခြားထင်ရှားသောအကြောင်း မပေါ်ပေါက်ခဲ့ရုံမျှမက ထိုမင်း သည် အင်းဝသတိုးမင်းဖျား စကုသို့ ချီတက်ရာ၌ လက်နက် ချ ခိုဝင်လိုက်သဖြင့် ပုဂံမင်းဆက် လုံးဝပြတ်၍သွားကာ ပုဂံ ၏ခေတ်လည်း တစ်ခန်းရပ်သွားခဲ့လေသည်။

ဤတွင် ပင်းယ၌ စိုးစံနေသော တစ်စီးရှင်ဘွဲ့ခံ သီဟသူ နှင့် ထိုမင်း၏ အဆက်အနွယ်တို့က မည်ကဲ့သို့ မင်းဆက်ထူ ထောင်ခဲ့ကြသည်ကို မြင်ကွင်းပြောင်းလွှဲ၍ ရှုကြည့်လေ့လာရန်

mgyoe.com

mgyoe.com


သာ ရှိပေတော့သည်။ ပင်းယသည် ပုဂံလုံးဝပျက်မှ စတင်သည် မဟုတ်ဘဲ၊ ပုဂံမှေးမှိန်ချိန်၌ အရှိန်ယူ၍ စည်ပင်လာရသည်ဖြစ်ရာ ပုဂံနောက်ဆုံးမင်း နန်းစွန့်သောအချိန်တွင် သက်တမ်းမရှည်လှသော ပင်းယသည်လည်း တစ်မျိုးတစ်ဖုံ ကြမ္မာဆောင်ခဲ့လေပြီ ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ပုဂံနရသီဟပတေ့မင်း နတ်ရွာမစံမီ ၆၆၂ ခုနှစ်ကတည်းက သီးခြား ထီးနန်းပြိုင်၍ အားပြိုင်ခဲ့သော ပင်းယမင်းတို့၏ ရာဇဝင်အကြောင်းကို အတန်ငယ် နောက်သို့ပြန်၍ လေ့လာပြီးလျှင် ပုဂံ လုံးဝဆိတ်သုဉ်းချိန်၏ နောက်ပိုင်းရာဇဝင်အကြောင်းကို ဆက်လက်ကောက်ယူကြရပေမည်။

□

mgyoe.com

mgyoe.com

## ပင်းယခေတ်

ပင်လယ်စား သီဟသူသည် နောင်တော် မင်္ဂရာစား ရာဇသင်္ကြံ အနိစ္စရောက်ပြီးနောက် မြင်စိုင်းစား နောင်တော် အသင်္ခယာကို ဆေးခတ်လုပ်ကြံသဖြင့် တစ်ဦးဖြစ်လေသော် ပင်းယကို ထူထောင်၍ နန်းစံလေသည်။

### ၁။ တစ်စီးရှင် သီဟသူ (၆၇၄-၆၈၄)

သီဟသူသည် နောင်တော် ရာဇသင်္ကြံ အနိစ္စမရောက်မီ ၃ နှစ်ခန့်ကပင် ဆင်ဖြူတစ်စီးရသောကြောင့် တစ်စီးရှင်ဘွဲ့ခံလေသည်။ (အချို့က ပင်းယမြို့တည်ပြီးမှ စမုန်မြစ်မှ ဆင်ဖြူမ အသေတစ်စီးရသည်ဟုဆိုသည်။) သီဟသူသည် နရသီဟပတေ့၏ သမီးတော် မင်းစောဦးကိုပင် ဖွားစော အမည်ဖြင့် မိဖုရားမြှောက်ရာ ဥဇနာ၊ ကျော်စွာ၊ နော်ရထာဟူသော သားသုံးယောက် ဖွားမြင်လေသည်။ လင်းယဉ်ရွာသူ တစ်ခုလပ်တစ်ဦးကို မိဖုရားမြှောက်ရာတွင် သားတော် အသင်္ခယာ စောယွမ်းနှင့် သမီးတော် စောပုလဲကို ဖွားမြင်လေသည်။ ထိုမိဖုရားတွင် ယခင်အိမ်ထောင်နှင့် ဖွားမြင်သောသား တရော့ဖျားကြီး ပါရှိသည်။

mgyoe.com

ထိုအချိန်၌ သဝန်ကြီးသဝန်ငယ်တို့သည် တောင်ငူကို တည်ထောင်လျက် စည်ပင်အောင် ပြုစုလျက်ရှိလေသည်။ သို့ ရာတွင် အင်အားမရှိသေးသောကြောင့် ပင်းယ သီဟသူက သားတော်အိမ်ရှေ့မင်း ဥဇနာနှင့် ကျော်စွာတို့ကို စေလွှတ်သစ္စာ ပေးရာ၌ အညံ့ခံနေရပေသေးသည်။ သီဟသူသည် တောင်တွင်း စားက တောင်ငူနှင့်ပေါင်း၍ ခြားနားမည်ကို စိုးရိမ်သဖြင့် တောင်တွင်းစား သီဟပတေ့ကို သမီးတော် စောပုလဲနှင့် စုံ ဖက်လေသည်။

သီဟသူသည် သားတော် အသင်္ခယာစောယွမ်းအား မြှောက် စား၍ စစ်ကိုင်းမြို့ကို ထူထောင်ပေးရာ အသင်္ခယာစောယွမ်း သည် စစ်ကိုင်းတွင် နန်းပြိုင်သဖွယ် စိုးစံနေလေသည်။ ထို အချိန်အခါတွင် တစ်နယ်တစ်မင်း စိုးစံနေကြသကဲ့သို့ရှိသော် လည်း အမည်အားဖြင့် ပင်းယမင်း၏ လက်အောက်ခံအဖြစ် ကဲ့သို့ပင် ရှိလေသည်။

## ၂။ ဥဇနာ (၆၇၄-၇၀၄)

သီဟသူ နတ်ရွာစံလျှင် ဥဇနာ နန်းတက်လေသည်။ ဥ ဇနာကား နရသီဟပတေ့၏ သမီးတော် မင်းစောဦးမှ ဖွားမြင် စေကာမူ နန်းကျကျော်စွာမင်း မိဖုရားမြှောက်၍ သန္ဓေသုံးလ ရှိမှ သီဟသူက ကောက်ယူသည်ဖြစ်သောကြောင့် သီဟသူ၏ သားရင်းမဟုတ်ချေ။ ပုဂံကျော်စွာ၏ သားတော်သာ ဖြစ်လေ သည်။ စကားရကျောင်းလှူ၍ စကားရ ကျောင်းဒါယကာအဖြစ် ထင်ရှားလေသည်။ ဥဇနာမင်းသည် ပင်လယ်စား ညီတော်ကျော် စွာက ဆင်ဖြူငါးစီးရသည်နှင့် ကြုံပလေရာ မိမိထီးနန်းကို ညီတော်အား လွှဲအပ်၍ ကောင်းမှုကုသိုလ်ပြုကာနေလေသည်။

mgyoe.com

mgyoe.com


## ၃။ ငါးစီးရှင်ကျော်စွာ (၇ဝ၄-၇၁၂)

ငါးစီးရှင်ကျော်စွာသည် မင်းမဖြစ်မီကပင် စစ်ကိုင်းစား အသခ်ယာအား လုပ်ကြံရန် ကျွန်ရင်း ငခင်ညိုကို စေလွှတ်ခဲ့ ဖူးလေသည်။ ကျော်စွာသည် ကာချင်းစီကုံး၍ ကိုယ်တိုင်ကာက တော်မူလေသည်။

## ၄။ ကျော်စွာငယ် (၇၁၂-၇၂၁)

ငါးစီးရှင် နတ်ရွာစံပြန်သော် သားတော် ကျော်စွာငယ် မင်းဖြစ်၍ ကျော်စွာမင်း၏ သားတော်ငယ် (ပုဂံစောနစ်မင်း၏ ညီတော်) သက်ရမြို့စား မင်းရှင်စော၏ သမီးတော် စောဥမ္မာ ကို မိဖုရားမြှောက်လေသည်။ ထိုမင်းလက်ထက်တွင် စတုရင်္ဂ ဗလ အမတ်ကြီးသည် အဘိဓာန်ဋီကာနှင့် သဒ္ဒဋ္ဌမှ နီတိကျမ်း များကို ပြုစုလေသည်။ တောင်ငူစား သိင်္ဃပါလည်း ခြားနား ပုန်ကန်လေသည်။ ထိုအချိန်၌ ပုဂံတွင် စောမွန်နစ်မင်းသည် ထီးနန်းဆက်ခံ စိုးစံဆဲပင်ဖြစ်လေသည်။

## ၅။ နရသူ (၇၂၁-၇၂၆)

ကျော်စွာငယ်မင်း နတ်ရွာစံလေသော် ညီတော် နရသူ သည် စောဥမ္မာကိုပင် မိဖုရားမြှောက်၍ ပင်းယထီးနန်းကို ဆက်ခံလေသည်။ သို့ရာတွင် မြောက်ဘက် မောရှမ်းတို့ လာ ရောက်တိုက်ခိုက် ဖမ်းယူသွားသဖြင့် မောပါနရသူဟုသာ တွင် လေသည်။

## ၆။ ဥဇနာပြောင် (၇၂၆)

မင်းမရှိလျှင် နောင်တော် ဥဇနာပြောင်ကို မှူးမတ်တို့ က နန်းတင်ရာ စောဥမ္မာကိုပင် မိဖုရားမြှောက်လေသည်။ သို့

mgyoe.com

mgyoe.com


ရာတွင် ပင်းယထီးနန်းတွင် ၃ လမျှသာ စံရလေသည်။ အကြောင်းမူကား ကြခတ်ဝရာမှ အားစုနေသော သတိုးမင်းဖျားက လုပ်ကြံလိုက်သောကြောင့် ဖြစ်လေသည်။

သတိုးမင်းဖျားမှာ အခြားသူမဟုတ်ပေ။ စစ်ကိုင်း အသင်္ခယာစောယွမ်း၏မြေး ဖြစ်လေသည်။ အသင်္ခယာစောယွမ်း၏ သမီး စိုးမင်းကြီးနှင့် တကောင်းနန်းရိုး သတိုးဆင်ထိန်းတို့မှ ဖွားမြင်သူဖြစ်၍ စိုးမင်းကြီးကို စစ်ကိုင်းမင်းပြောက်က ကောက်ယူသောအခါ သား သတိုးမင်းဖျားအား တကောင်းမြို့စားအရာ ပေးထားလေသည်။

ထိုအချိန်တွင် ပင်းယမင်းဆက် ပြတ်သွားပြီဖြစ်သကဲ့သို့ စစ်ကိုင်း၌ အသင်္ခယာစောယွမ်းမှ ဆက်လက်စိုးစံသော မင်းဆက်လည်း ပြတ်ရလေတော့သည်။

### စစ်ကိုင်းတွင် စိုးအုပ်ခဲ့သော မင်းများမှာကား

၁။ အသင်္ခယာစောယွမ်း (၆၈၄–၆၉၂)
၂။ နောင်တော်တရားဖျားမင်းကြီး (၆၉၂–၆၉၈)
၃။ သားတော် ရွှေတောင်တက် (၆၉၈–၇၀၁)
၄။ အသင်္ခယာ သားတော်ကျစွာ (၇၀၁–၇၀၆)
၅။ ညီတော် နော်ရထာမင်းရဲ (၇၀၆–၇၁၄)
၆။ ညီတော် ဆင်ဖြူ့ရှင် တရားဖျားငယ် (၇၁၄–၇၁၄)
၇။ စိုးမင်းကြီး မြောက်သားတော် မင်းပြောက် (၇၁၄–၇၂၅)

အသင်္ခယာစောယွမ်း၏ သမီးတော် စိုးမင်းကြီး၏ မြောက်သားတော် သီဟပတိ မင်းပြောက်မှာ မိဖုရားစော၏ အစ်မမှ ဆင်းသက်သောမြေးဖြစ်၍ နန်းမှုုးမဟုတ်ချေ။ စိုးမင်းကြီးတွင် ပထမမြောက်သားတော် တကောင်းမင်းရိုးဖြစ်သူ သတိုးဆင်

mgyoe.com